# တရုတ်-မြန်မာ နယ်စပ်ဖြတ် သစ်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မှ ပမာဏ ရလဒ်များ လေ့လာချက်

၂၀၁၅ စက်တင်ဘာလ တွေ့ဆုံဆွေးနွေးပွဲအချက်အလက်များအတွက် စာကြမ်း

**နောက်ခံအကြောင်းအရာ**

တရုတ်-မြန်မာ သစ် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အနေအထားများကို သိရှိနားလည်နိုင်ရန်အတွက် EFI EU FLEGT တို့၏ အထောက်အပံ့များဖြင့် ဆောက်ဒ်ဝက်စ် သစ်တော တက္ကသိုလ်မှ ဦးဆောင်သော သုတေသနပညာရှင်များ နှင့် တရုတ်၊ မြန်မာနိုင်ငံမှပညာရှင်များ ပါဝင်ကာ "သစ်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရုတ်-မြန်မာ ပူးပေါင်းလေ့လာမှု တစ်ရပ်" ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ နှင့် ၂၀၁၅ ခုနှစ် ဧပြီလ တွင် ပြုလုပ်ပြီး "တရုတ်-မြန်မာ နယ်စပ် သစ် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လေ့လာချက်"ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂-၂၃ ရက်တွင် ယူနန်ပြည်နယ်၊ ကူမင်းတွင်ပြုလုပ်ကာ တက်ရောက်သူများက သစ် ကူးသန်းရောင်းဝယ်ရေးနှင့်ပက်သက်သော အကြောင်းအရာများ၊ အလားအလာများ နှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ပူးပေါင်းလေ့လာမှုတွင် အချက်အလက်များကို ပြန်လှန်လေ့လာခြင်း နှင့် ပိုင်းခြားလေ့လာခြင်းတို့ကို အဓိကလုပ်ဆောင်ခဲ့ပြီး သစ်တင်သွင်းခြင်းဆိုင်ရာ စီမံခန့်ခွဲမှုတွင် ပါဝင်သော သစ်ကုန်သည်များ၊ သစ်အချောထည်စက်ရုံများ၊ လုပ်ငန်းအဖွဲ့အစည်းများ၊ အကောက်ခွန်ဝန်ထမ်းများ၊ ကူးသန်းရောင်းဝယ်ရေး နှင့် သစ်တောဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ပါဝင်သော မြေပြင်သုတေသနများ လုပ်ဆောင်ခဲ့ပါသည်။ ပူးပေါင်းလေ့လာမှုတွင် သစ်ကူးသန်းရောင်းဝယ်ရေးနှစ်ဖက်သဘောတူညီမှုတွင် အဓိကအကြောင်းအရာများ နှင့် စိန်ခေါ်ချက်များကို ဆွေးနွေးပြီး ဘက်ပေါင်းစုံမှ အမြင်များကို ထောက်ပြခြင်းများပါဝင်ပါသည်။ အနာဂါတ်တွင် တရုတ်-မြန်မာ သစ်ကူးသန်းရောင်းဝယ်ရေးများကို ကြီးကြပ်နိုင်ရန်အတွက် ဖောင်ဒေးရှင်းတစ်ခု တည်ထောင်နိုင်ရန် ရည်ရွယ်ပြီး ဤသုသေတနစီမံကိန်း၏ ရလဒ်များကို အပြည်ပြည်ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲတွင် ပါဝင်သော တရုတ် နှင့် မြန်မာနိုင်နိုင်ငံ သစ်ကူးသန်းရောင်းဝယ်ရေး နှစ်ဖက်သဘောတူညီမှု နှင့် ဆက်စပ်သော အဖွဲ့အစည်းများ နှင့် သက်ဆိုင်သူများကို မျှဝေဖြန့်ချီသွားမည်ဖြစ်ပါသည်။

## ၁၃. တရုတ်-မြန်မာ မြေပြင်နယ်စပ်ဖြတ် သစ်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အထွေထွေ မိတ်ဆက်

နှစ်ဖက်သဘောတူ သစ်ကူးသန်းရောင်းဝယ်ရေးကို တရုတ်ပြည် တံခါးဖွင့် မူဝါဒကျင့်သုံးသော ၁၉၈၀ ပြည့်နှစ်များတွင် စတင်ခဲ့ပါသည်။ ၁၉၉၃ခုနှစ် မတိုင်မီက ယူနန် နှင့် အိမ်နီးချင်း နိုင်ငံများမှ သစ်ကူးသန်းရောင်းဝယ်ရေးကို တရုတ်နိုင်ငံပိုင် ကုမ္ပဏီများ မှ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၃ ခုနှစ်မှ စတင်ပြီး သစ် တင်သွင်း၊ တင်ပို့ လုပ်ငန်းများတွင် ပုဂ္ဂလိကကုမ္ပဏီများလုပ်ဆောင်လာကြပြီး နိုင်ငံပိုင်ကုမ္ပဏီများ၏ နေရာတွင်အစားထိုး လုပ်ဆောင်ခြင်းကို ၁၉၉၅ ခုနှစ်မှစတင်ကာ လုပ်ဆောင်ခဲ့ပါသည်။ တရုတ်-မြန်မာ သစ်ကူးသန်းရောင်းဝယ်ရေးတွင် ပုံမှန် ကူးသန်းရောင်းဝယ်ရေး (ပင်လယ်ဆိပ်ကမ်းကူးသန်းရောင်းဝယ်ရေး)၊နှင့် ပိုမိုအဓိကကျသော အသေးစား နယ်စပ်ဖြတ် ကူးသန်းရောင်းဝယ်ရေး နှင့် နယ်စပ်ဈေးကွက်တို့ ပါဝင်ပါသည်။ သစ် အများစုကို မြန်မာပြည် မြောက်ပိုင်းမှ ထုတ်လုပ်ရရှိပါသည်။

ပို့ဆောင်ရေးအရခွဲခြားမည်ဆိုပါက တရုတ်-မြန်မာ သစ်ကူးသန်းရောင်းဝယ်ရေးကို ပင်လပ်ဆိပ်ကမ်းကူးသန်းရောင်းဝယ်ရေး နှင့် နယ်စပ်ဖြတ် ကူးသန်းရောင်းဝယ်ရေး ဟု နှစ်ပိုင်း ခွဲခြားနိုင်ပါသည်။ ၁၉၉၅ နှင့် ၂၀၀၃ ခုနှစ်အတွင်း တရုတ်နိုင်ငံသည် မြန်မာသစ်ကို အများဆုံးတင်သွင်းသူအဖြစ် ရပ်တည်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် တင်သွင်းမှုပမာဏမှာ တစ်နှစ်လျှင် ၇၀၀,၀၀၀ m$^3$ ရှိခဲ့ပြီး ပြည်တွင်းထုတ်လုပ်နိုင်မှု နှင့် ရုရှား၊ အာဖရိက နှင့် အရှေ့တောင်အာရှတို့မှ တင်သွင်းခြင်းတို့ကြောင့် ၁၉၉၇ နှင့် ၁၉၉၈ ခုနှစ်တို့တွင် တစ်နှစ်လျှင် ၃၀၀,၀၀၀ m$^3$ သို့လျော့နည်းသွားပါသည်။ ၁၉၉၈ ခုနှစ် နောက်ပိုင်းတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နှင့် ပြည်တွင်း သဘာဝသစ်တောများမှ သစ်ထုတ်ခြင်းကို တားဆီးပိတ်ပင်ချက်တို့ကြောင့် မြန်မာနိုင်ငံမှ သစ် တင်သွင်းခြင်း တဖြည်းဖြည်းတိုးတက်လာပြီး ၂၀၀၃ ခုနှစ်တွင် ၁.၃ သန်း m$^3$ အထိ တင်သွင်းခဲ့ပါသည်။

ယူနန်ပြည်နည်သည် မြန်မာနယ်စပ်နှင့် နယ်စပ်အရှည် ၁,၉၉၇ ကီလိုမီတာ ထိစပ်နေပြီး နယ်စပ်ရောင်းဝယ်ရေးစခန်း ၁၀ ခု တည်ရှိပါသည်။ ၁၉၉၇ ခုနှစ်တွင်တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကူမင်းမြို့ ၊ ရှားပါးတိရိစ္ဆာန် တင်သွင်း၊တင်ပို့ခြင်းဆိုင်ရာ စီမံခန့်ခွဲမှု ရုံးခန်းကို ဖွင့်လှစ်ခဲ့ပြီး နယ်စပ်ဖြတ် သစ် ကူးသန်းရောင်းဝယ်ရေးကို ကြီးကြပ်ခြင်း နှင့် မျိုးသုဉ်းရန်အန္တရာယ်ရှိ မျိုးစိတ်များအား နိုင်ငံတကာကုန်သွယ်ရေးနှင့်ပတ်သက်သော ညီလာခံ နောက်ဆက်တွဲ I၊ နောက်ဆက်တွဲ II၊ နောက်ဆက်တွဲ III တို့တွင်မပါဝင်သော တိရိစ္ဆာန်မျိုးစိတ်များ တင်သွင်းခွင့်ထုတ်ပေးခြင်းများကို ပြုလုပ်ခဲ့ပါသည်။

### ၁။၁ နယ်စပ် သစ် ကူသန်းရောင်းဝယ်ရေး

၁၉၉၅ မှစတင်ပြီး တရုတ်သည် မြန်မာ့သစ် အများဆုံး တင်သွင်းသော နိုင်ငံ ဖြစ်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် သစ်တင်သွင်းမှုသည် ၇၀၀,၀၀၀ m$^3$ အထိရှိခဲ့ပြီး မြန်မာ့သစ်ကို အများဆုံးတင်သွင်းသော ထိုင်းနိုင်ငံထက် ပမာဏ နှစ်ဆ ပိုများခဲ့ပါသည်။ ၁၉၉၅ ခုနှစ် နှင့် ၁၉၉၈ ခုနှစ်တို့တွင် မြန်မာနိုင်ငံမှ သစ်တင်သွင်းမှုအတန်ငယ်လျော့ကျခဲ့သော်လည်း တစ်နှစ်လျှင် ၃၀၀,၀၀၀ m$^3$ အထိတင်သွင်းခဲ့ပါသည်။ ၁၉၉၈ ခုနှစ် နောက်ပိုင်းတွင် သစ်ထွက်ကုန်ပစ္စည်းလိုအပ်ချက်မြင့်မားလာခြင်း နှင့် ပြည်တွင်း သဘာဝသစ်တောများမှ သစ်ထုတ်ခြင်းကို တားဆီးပိတ်ပင်ချက်တို့ကြောင့် တရုတ်ဈေးကွက်တွင် သစ် ဈေးမြင့်တက်လာပြီး မြန်မာ့သစ်ကို တင်သွင်းခြင်းမှာလည်း တဟုန်ထိုးတိုးတက်လာခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် စုစုပေါင်း ကူးသန်းရောင်းဝယ်မှု ပမာဏမှ ၁.၃ သန်း m$^3$ အထိရှိခဲ့ပြီး မြန်မာ့သစ်တင်ပို့မှု၏ ၆၀% ရှိခဲ့ပါသည်။ ၂၀၀၆ ခုနှစ် မတိုင်မီတွင် တင်သွင်းသော သစ်များကို ရန်ကုန်မှ ရှန်ဟိုင်း နှင့် ကွမ်တုန်းသို့ သင်္ဘောဖြင့် ပို့ဆောင်ခဲ့ပြီး ပမာဏအနည်းငယ်ခန့်သာ နယ်စပ်ရောင်းဝယ်ရေးစခန်းများမှပို့ဆောင်ခဲ့ပါသည်။

၂၀၀၆ ခုနှစ်တွင် တရုတ်အစိုးရမှ တရုတ်ကုန်သည်များကို မြန်မာပြည်တွင်းဝင်ရောက်ခြင်းကို တားမြစ်ခဲ့ပြီး မြန်မာနိုင်ငံမှ သစ်တင်ပို့နိုင်သော နယ်စပ်စစ်ဆေးပွိုင့်များကို ပိတ်ပစ်ခဲ့ပါသည်။ ကူးသန်းရောင်းဝယ်ရေးဌာနမှ သစ် တင်သွင်းခွင့် ရရှိရန်လည်း စတင်ခက်ခဲလာပါသည်။ ရလဒ်အားဖြင့် တရုတ်ကုန်သည်အများအပြားသည် မြန်မာသစ်ကို ဝယ်ယူ မသယ်ဆောင်နိုင်တော့သဖြင့် ဘဏ္ဍာရေးဆုံးရှုံးမှုများဖြင့် ကြုံတွေ့ခဲ့ရပါသည်။ ယင်းမူဝါဒများကြောင့် နယ်စပ် သစ် ကူးသန်းရောင်းဝယ်ရေး ကော်ပိုရေးရှင်းများ နှင့် သစ်အချောထည်စက်ရုံများ စီးပွားကျဆင်းခဲ့ပြီး သစ်ကုန်သည်များ အခြားစီးပွားရေးသို့ ပြောင်းလဲလုပ်ကိုင်ခဲ့ကြရသလို ၂၀၀၆ ခုနှစ် မှ ၂၀၁၄ ခုနှစ်ထိ နယ်စပ်ရောင်းဝယ်ရေးစခန်းများမှ တရုတ်ပြည်တွင်းသို့ ဝင်ရောက်သော သစ် ပမာဏ ဆက်တိုက်ကျဆင်းခဲ့ပါသည်။ သစ်လုံးတင်သွင်းမှုပမာဏမှာ တစ်နှစ်လျှင် ၃၀၀,၀၀၀ မှ ၄၀၀,၀၀၀ $m^3$ ထိရှိနေသေးခဲ့ပြီး သစ်မြစ်နှင့်သစ်ငုတ်တိုတင်သွင်းမှုပမာဏမှာ ၁ သန်း $m^3$ ဝန်းကျင်ခန့် ရှိခဲ့ပါသည်။

၂၀၁၂ ခုနှစ် မှ စတင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကျဆင်းလာခြင်းနှင့် ကမ္ဘာ့စီးပွားရေး နှေးကွေးလာခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏ သစ် သုံးစွဲနှုန်းမှာ ကျဆင်းလာခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် သစ်တင်သွင်းမှု ၈% လျော့ကျခဲ့ပြီး လက်ကျန်ပစ္စည်းပမာဏ လျော့နည်းခဲ့ကာ ၂၀၁၃ ခုနှစ်တွင် လက်ကျန်ပစ္စည်းလျော့နည်းခြင်းကြောင်း သစ်တင်သွင်းမှု မြင့်မားခဲ့သော်လည်း အရောင်းအဝယ် အသင့်အတင့်သာရှိခဲ့ပြီး သစ်အချောထည်ပစ္စည်းများ တင်ပို့မှုမှာလည်း ကျဆင်းခဲ့ပါသည်။ ရလဒ်အားဖြင့် မြန်မာမှ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်တွင်း တင်သွင်းထားသော သစ်လုံးများနှင့် သစ်ချောင်းများသည် လက်ကျန်ရှိနေသေးပါသည်။

## ၁။၂ ကူးသန်းရောင်းဝယ်သော မျိုးစိတ်များ

မြန်မာသည် အထူးသဖြင့် အပူပိုင်းသစ်တောများ၊ အမြဲစိမ်းသစ်တောများ နှင့် မြောက်ဘက်တွင် တောင်ပေါ်သစ်တောများစသည်ဖြင့် သစ်တောထွက် သယံဇာတပေါကြွယ်ဝသော နိုင်ငံဖြစ်ပါသည်။ ယူနန်သို့တင်ပို့သော သစ်များသည် မြန်မာပြည်မြောက်ပိုင်းကချင်ပြည်နယ်ရှိ တောင်ပေါ် အမြဲစိမ်းသစ်တောများ နှင့် တောင်ပေါ်တောများမှအများဆုံး ထုတ်လုပ်ပါသည်။

၂၀၀၂ ခုနှစ်တွင် မြန်မာနိုင်ငံ နယ်စပ်မှ မျိုးမိသားစု ၂၄ စု နှင့် မျိုးခွဲ ၃၈ မျိုးပါဝင်သော မျိုးစိတ်ပေါင်း ၄၇ မျိုး သစ်အမျိုးအစား အများအပြားကို ယူနန်မှ တင်သွင်းခဲ့ပါသည်။ တင်သွင်းမှု (ပမာဏ) ၏ ၆၃% သည် ဈေးအသင့်အတင့်သာရှိသည့် *Betula alnoides*၊ *Alnus nepalensis*၊ *Manglietia spp*၊ *Tsuga dumosa*၊ *Pometia tomentosa*၊ *Schima wallichii* နှင့် *Pinus kesiya var. langbianensis,* စသည့် သစ်မျိုးများပါဝင်သော သစ်များသာဖြစ်ပြီး ၎င်းတို့ကို ပြည်တွင်းစက်ရုံများတွင် သစ်သားအခင်း၊ တံခါး နှင့် ပြတင်းပေါက်များအနေဖြင့် အိမ်တွင်းအလှဆင်ရန် ထုတ်လုပ်အသုံးပြုပါသည်။ တင်သွင်းမှု၏ ၉% သည် ကျွန်းသစ် တင်သွင်းမှုဖြစ်ပြီး အခြားပိတောက်သစ်ကဲ့သို့သောတန်ဖိုးကြီး သစ်များ(*Pterocarpus macrocarpus*、*Dalbergia hupeana Hance* 黄檀、*Dalbergia melanaoxylon Guill&perr.*缅甸乌木) သည် တင်သွင်းမှု၏ ၈% ခန့်ရှိပါသည်။ အခြားသစ်အမျိုးအစားသည် (*Dipterocarpaceae*၊ *Acer spp*၊ *Larix potaninii*၊ *Meliaceae*၊ *Lagerstroemia spp*၊ *Sapindaceae စသည်ဖြင့်*)ပမာဏနည်းပြီး တင်သွင်းမှု၏ ၂၀% ခန့်ရှိပါသည်။




အရှေ့တောင်အာရှသည် တရုတ်ကို တမလန်းသစ် အများဆုံး ရောင်းချပေးနေပါသည်။ ၂၀၀၆ ခုနှစ်နောက်ပိုင်းတွင် တရုတ်နိုင်ငံတွင် တမလန်းသစ်ဖြင့်ပြုလုပ်သော ပရိဘောဂများ ရေပန်းစားလာခြင်းကြောင့် *Pterocarpus macrocarpus*၊ *Dalbergia oliveri*၊ *Dalbergia fusca*၊ *Millettia leucantha*၊ နှင့် *Cassia siamea*— စသော မြန်မာနိုင်ငံထွက် တမလန်းသစ် အမျိုးအစားများကို တင်သွင်းမှု မြင့်တက်ခဲ့ပါသည်။ အခြားတစ်ဘက်တွင် ကြမ်းခင်းပြားအနေဖြင့်အသုံးပြုသော *Betula alnoides*၊ *Tsuga dumosa*၊ *Pometia tomentosa*၊ *Schima wallichii* သစ်များမှာ ပြည်တွင်းလိုအပ်ချက်နည်းခြင်းကြောင့် တင်သွင်းမှု ကျဆင်းခဲ့ပါသည်။ ၂၀၀၀ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံမှ ကျွန်းသစ်တင်ပို့ခြင်းကို တားမြစ်ခြင်းကြောင့် ကျွန်းသစ်တင်သွင်းခြင်း မရှိသလောက်နည်းသွားခဲ့ပါသည်။

၂၀၁၃ခုနှစ်တွင်မြန်မာမှ ယူနန်သို့ တင်သွင်းသော သစ်အမျိုးအစားမှာ အဓိကအားဖြင့် ခြောက်မျိုးသာ ရှိပါသည်။ ။ *Pterocarpus macrocarpus*၊ *Dalbergia oliveri*၊ *Taiwania flousiana*၊ *Dalbergia fusca*၊ *Cassia siamea* နှင့် *Larix potaninii*. *Pterocarpus macrocarpus* နှင့် *Dalbergia oliveri* တို့သည် တင်သွင်းမှု စုစုပေါင်း၏ ၅၆% နှင့် ၃၆% တို့စီ ရှိကြပြီး *Taiwania flousiana* က တတိယလိုက်ကာ တင်သွင်းမှု၏ ၄% ရှိပါသည်။




၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီထိ မြန်မာမှ ယူနန်သို့ နယ်စပ်ဖြတ်တင်သွင်းသော သစ်များမှာ

တမလန်းသစ် ဖြစ်ပါသည်။ အဓိကမျိုးစိတ်များမှာ *Dalbergia oliveri*၊ *Pterocarpus macrocarpus*၊ *Millettia leucantha*၊ *Taiwania flousiana*၊ *Dalbergia fusca* နှင့် *Cassia siamea တို့ဖြစ်ပါသည်။* ပမာဏအားဖြင့် အများဆုံး မျိုးစိတ် သုံးမျိုးမှာ *Dalbergia oliveri*၊ *Pterocarpus macrocarpus* နှင့် *Cassia siamea* တို့ဖြစ်ကြပြီး ၅၄%၊ ၃၄% နှင့် ၆% အသီးသီးစီ ရှိကြပါသည်။




လတ်တလောတွင် မြန်မာမှယူနန်သို့ နယ်စပ်ဖြတ် တင်သွင်းသောသစ်အများစုမှာ *Dalbergia oliveri* နှင့် *Pterocarpus macrocarpus* တို့ဖြစ်ကြပြီး နှစ်စဉ် တင်သွင်းမှု၏ ၉၀% ခန့်ရှိပါသည်။

### ၁။၃ တရုတ်-မြန်မာ နယ်စပ်ဖြတ် သစ် ကူးသန်းရောင်းဝယ်ရေးတွင် ပါဝင်သော နေရာများ

ယူနန် ပြည်နယ်သည် မြန်မာနှင့် ၁,၉၉၇ ကီလိုမီတာ နယ်စပ်ချင်းထိစပ်လျက်ရှိပြီး နုဂျင်းနယ်မြေ၊ ဘိုးရှန်မြို့၊ ဒီဟုန်းနယ်မြေ၊ လင်းကန်မြို့၊ စီမိုမြို့ နှင့် ရှီရှုဘန်နာနယ်မြေ စသော မြန်မာနှင့် ကပ်လျက် နေရာ ခြောက်နေရာတွင် တို့တွင် နယ်စပ်ရောင်းဝယ်ရေးစခန်း ၁၀ ခုခန့်ရှိပါသည်။ အဆိုပါ နယ်စပ်ရောင်းဝယ်ရေးစခန်းမှ တစ်ဆင့် တရုတ်ပြည်တွင်းသို့ သစ်များဝင်ရောက်ပါသည်။

၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်ကြားတွင် တရုတ်ပြည်တွင်းသို့ ဝင်ရောက်ခဲ့သော သစ်များ၏ ၇၄% ကို ရွှေလီ၊ ဝမ်ဒင်း၊ ဇန်ဖန်း နှင့် မြန်မာနိုင်ငံ၏ ကချင်ပြည်နယ် နှင့် ထိစပ်လျှက်ရှိသော ဒီဟုန်းနယ်မြေရှိ ရင်ဂျင်းတို့မှ တစ်ဆင့် ဝင်ရောက်ခဲ့ခြင်းဖြစ်ပါသည်။ တင်သွင်းသော သစ်များ၏ ၁၇% သည် မြန်မာပြည် မှ ကိုးကန့် နှင့် ဝပြည်နယ် ကပ်လျှက် မန်ဒင်း၊ နန်ဆမ်၊ လင်းကန်မြို့ ရှိ ကန်ယန်းတို့ကို ဖြတ်ကျော်တင်သွင်းခဲ့ပါသည်။ အခြား သစ် ၆% ကို ဘိုးရှန် မြို့ရှိ တန်ချုံးမှ တစ်ဆင့် တင်သွင်းပြီး ၁% ကို နုဂျင်းနယ်မြေကို ဖြတ်ကျော် တင်သွင်းခဲ့ပါသည်။ ရှီရှုဘန်နာနယ်မြေကို ဖြတ်ကျော်တင်သွင်းခဲ့သော သစ် ပမာဏအနည်းငယ်ရှိသော်လည်း ရှီရှုဘန်နာသည် လာအိုနယ်နိမိတ်လည်းဖြစ်သဖြင့် သစ်ထုတ်သည့်နေရာကို အတည်ပြုရန် အခက်အခဲရှိပါသည်။




ယူနန်ပြည်နယ်ရှိ သစ်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ နယ်စပ်ရောင်းဝယ်ရေးစခန်းများ

## ၂။. တရုတ်-မြန်မာ နယ်စပ်ဖြတ် သစ် ကူးသန်းရောင်းဝယ်ရေး၏ သွင်ပြင်လက္ခဏာများ

တရုတ်ပြည်သို့တင်ပို့သော သစ်အများစုကို ယူနန်ပြည်နယ်၏ နယ်နိမိတ်ကပ်လျှက်ရှိသော မြန်မာပြည်မြောက်ပိုင်းတွင် ထုတ်လုပ်ပါသည်။ ၎င်းသည် မြန်မာပြည်၏ သယံဇာတအများဆုံးတည်ရှိရာနေရာဖြစ်ပြီး လူမျိုးစုများ နှင့် လက်နက်ကိုင်တပ်ဖွဲ့အုပ်စုများ၏ နယ်မြေလည်းဖြစ်ပါသည်။ အုပ်စုတိုင်းသည် ငွေရလွယ်သောနည်းလမ်းအနေဖြင့် သစ်ထုတ်လုပ်ရောင်းချကြပါသည်။ ဤဒေသတွင် မြန်မာဗဟိုအစိုးရသည် သစ်ထုတ်လုပ်၊ ရောင်းဝယ်ရေးကို တားဆီးထိန်းချုပ်နိုင်စွမ်းမရှိပါ။ ထို့ကြောင့် ၂၀၁၄ ခုနှစ် ဧပြီလ တွင် သစ်လုံးတင်ပို့ရောင်းချခြင်းကို တားမြစ်ပြီးဖြစ်သော်လည်း သစ်လုံးထုတ်ရောင်းချခြင်းနှင့် မှောင်ခိုရောင်းဝယ်ခြင်းသည် ဆက်လက် ရှိနေသေးပါသည်။

## ၂။၁ မြန်မာနိုင်ငံတွင် သစ် ထုတ်လုပ်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း

မြန်မာနိုင်ငံတွင် သတ်မှတ်ကုမ္ပဏီများသည် သတ်မှတ်ဧရိယာတွင် တိုင်းဒေသကြီး၊ပြည်နယ်အစိုးရ၏ သစ်လုံးထုတ်ခွင့်ကို မူလကန်ထရိုက်တာများအဖြစ်အခွင့်ရပြီး ယင်းကုမ္ပဏီမှ အခြား ကုမ္ပဏီများသို့ တဆင့်ခံကန်ထရိုက်တာများအနေဖြင့် ထုတ်လုပ်ခွင့်ကို လက်လွှဲရောင်းချကြပါသည်။ ယင်းကုမ္ပဏီများမှ သစ်တောတွင်းလမ်းဖောက်ခြင်း၊ ဝန်ထမ်းခန့်ထားခြင်းနှင့် သစ်များကို နယ်စပ်ရောင်းဝယ်ရေးစခန်းများသို့ သယ်ယူပို့ဆောင်ရေးကို လုပ်ကိုင်ကြပါသည်။ အချို့အချိန်များတွင် သစ်လုံးထုတ်ခြင်းသည် ကုမ္ပဏီများကြား အဆင့်ဆင့်အရောင်းအဝယ်ဖြစ်လေ့ရှိပါသည်။

အမြတ်အစွန်းများပြားခြင်း၊ စောင့်ကြည့်ထိန်းချုပ်မှုနည်းပါးခြင်း၊ အပြောင်းရှင်းခုတ်လှဲခြင်း တို့သည် မြန်မာပြည်မြောက်ပိုင်းတွင် ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စရပ်များဖြစ်ပါသည်။ မီးသွေးနှင့် သစ်လုံးများအပြင် သစ်မြစ်များကိုလည်း ထုတ်လုပ်ကြပါသည်။ သစ်လုံးထုတ်နည်းလမ်းသည် သစ်တော၏ဂေဟစနစ်ကို ဆိုရွားစွာပျက်စီးထိခိုက်စေနိုင်ပါသည်။

မြန်မာနိုင်ငံတွင် သစ် သယ်ယူပို့ဆောင်ရာတွင် တဆင့်ခံကန်ထရိုက်တာများမှ မူလကန်ထရိုက်တာများကို လိုအပ်သော လုပ်ထုံးလုပ်စဉ်များအတွက် ငွေပေးချေရပြီး သစ်အမျိုးအစား၊ အရွယ်အစား၊ ပမာဏပေါ်မူတည်ပြီးကွဲပြားခြားနားနိုင်ပါသည်။ တချိန်တည်းမှာပင် တဆင့်ခံကန်ထရိုက်တာများသည် ပြည်တွင်းအာဏာပိုင် စစ်ဆေးရေးဂိတ်များကို ငွေပေးရန်လည်း လိုအပ်ပါသေးသည်။

## ၂။၂ နယ်စပ်ဖြတ် သစ် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

နယ်စပ်ဖြတ် သစ် ကူသန်းရောင်းဝယ်ရေးကို အများအားဖြင့် တဆင့်ခံကန်ထရိုက်တာများနှင့် တရုတ် ကော်ပိုရေးရှင်းများကြား ပြုလုပ်လေ့ရှိသည်။ နယ်စပ်ရောင်းဝယ်ရေးစခန်းများသို့ သစ်များရောက်ပါက ကူးသန်းရောင်းဝယ်ရေးဌာန၏ နယ်စပ်ဖြတ်သစ်တင်သွင်းခွင့်ရှိသော တရုတ်ကော်ပိုရေးရှင်းများက မြန်မာနိုင်ငံ၏ တရားဝင်စာရွက်စာတမ်းများပြုလုပ်ခြင်းစသည်တို့ ပါဝင်သော တင်သွင်းခွင့်လုပ်ထုံးလုပ်နည်းများအတိုင်းပြုလုပ်ခြင်း၊ အခွန်အခပေးချေခြင်း နှင့် အခြားအခကြေးငွေများပေးချေခြင်းများ ပြုလုပ်ကြပါသည်။ စစ်ဆေးပြီးပါက သစ်လုံးများကို ဒေသခံ သစ်အချောထည်ထုတ်လုပ်သည့် ကုမ္ပဏီများသို့ ဖြန့်ဝေခြင်း သို့မဟုတ် ယူနန်ပြည်နယ် သို့မဟုတ် အခြားပြည်နယ်ရှိ သစ်ဈေးကွက်အတွင်း သို့မဟုတ် စက်မှုလုပ်ငန်းတွင်းသို့ သယ်ယူပို့ဆောင်ကြပါသည်။

## ၃။. တရုတ်-မြန်မာ နယ်စပ်ဖြတ် သစ်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အဓိက ကိစ္စရပ်များ

### ၃။၁ ဥပဒေစိုးမိုးရေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန (MOCAF) ၏ စစ်တမ်းများအရ တရုတ်ပြည်သို့ နယ်စပ်မှ တစ်ဆင့် နှစ်စဉ် တင်ပို့သော သစ် ၈၀၀,၀၀၀ m$^3$ (သို့မဟုတ် တရုတ်သို့တင်ပို့သော သစ် စုစုပေါင်း၏ ၆၂%) သည် တရားမဝင်ဟု ဖော်ပြထားပြီး ကျွန်းသစ်တင်ပို့မှုအားလုံးသည် တရားမဝင် တင်ပို့မှုများ ဖြစ်ပါသည်။ သို့ရာတွင် တရုတ်ကုန်သည်များအနေဖြင့် နယ်စပ်ဖြတ် သစ်ကူးသန်းရောင်းဝယ်ရေးသည် တရားဝင်းလုပ်ထုံးလုပ်နည်းများအတိုင်း နယ်စပ်ဖြတ် နှစ်ဖက်သဘောတူ ကူးသန်းရောင်းဝယ်ရေးဖြစ်ပြီး ဥပဒေအရလိုအပ်ချက်များကိုလည်း ဖြည့်ဆီးပြီးဖြစ်သဖြင့် တရားဝင်ဖြစ်ပြီး မှောင်ခိုရောင်းဝယ်ခြင်းမဟုတ်ဟု ထင်မြင်ကြသည်။

မြန်မာနိုင်ငံတွင် အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ကြီးကြပ်ခြင်းမရှိသော သစ်ထုတ်လုပ်ခြင်းသည် တရုတ် မြန်မာ နှစ်နိုင်ငံကြား သစ်ကူးသန်းရောင်းဝယ်ရေးအတွက် အခက်အခဲများကို ဖြစ်စေပါသည်။ မြန်မာ မှ တရုတ်သို့ သစ် စီးဝင်ခြင်းကို စောင့်ကြည့်ရန် တရုတ်အစိုးရအနေဖြင့် ကုန်သည်များ နှင့် နယ်စပ်နေပြည်သူများကို မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းမပြုရန် သတိပေးခဲ့ပြီး နယ်စပ်စစ်ဆေးရေးဂိတ်များကို လည်း မကြာခဏပိတ်ပင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ သစ်လုံးတင်ပို့ခြင်း တားမြစ်ခြင်းခဲ့ပြီးနောက်တွင် တရုတ် တမလန်းသစ် အဖွဲ့အစည်း အဖွဲ့ဝင် ကော်ပိုရေးရှင်းများသည် မြန်မာပြည်သစ်ထုတ်လုပ်ရေးတွင် ပါဝင်ခြင်းမရှိခဲ့ကြပါ။ သို့သော် ဈေးကွက်လိုအပ်ချက် နှင့် စီးပွားရေးအကျိုးအမြတ်တို့ကြောင့် မြန်မာပြည်တွင် သစ်ထုတ်လုပ်ခြင်း ဆက်လက်ရှိနေခဲ့ပြီး တရုတ်နယ်စပ်ရောင်းဝယ်ရေးစခန်းများတွင် သစ် ကူးသန်းရောင်းဝယ်ရေးများလည်း ဆက်လက်ရှိနေခဲ့ပါသည်။

မြန်မာပြည် မြောက်ပိုင်းတွင် လွန်ခဲ့သော ဆယ်စုနှစ်အချို့ခန့်ကတည်းက ရေရှည်အကျိုးမပြုသော သစ်ခုတ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ခြင်းကို ဖြစ်စေခဲ့ပြီး ဇီဝမျိုးစုံကွဲမျိုးစိတ်များ ကွယ်ပျောက်ခြင်း နှင့် သစ်တောဂေဟစနစ်များအသုံးချနိုင်ခြင်းများ ကို ခြိမ်းခြောက်လျက်ရှိနေပါသည်။

### ၃။၂ တရုတ်သစ်ထုတ်လုပ်သူများ

နှစ်ရှည် တရုတ်သစ်ကုန်သည်များ၏ အစီရင်ခံစာတစ်ခုအရ လူမျိုးစုလက်နက်ကိုင်အုပ်စုများ၏ ထိန်းချုပ်မှုအောက်ရှိ မြန်မာနိုင်ငံမြောက်ပိုင်းတွင် သစ်လုပ်ငန်းလုပ်ကိုင်ခြင်းသည် အန္တရာယ်များပြီး လူနည်းစု (ဒေသခံ နိုင်ငံရေးခေါင်းဆောင်များ၊ စစ်တပ်နှင့် ပတ်သက်အဆင်ပြေသူများ၊ လူမျိုးစုခေါင်းဆောင်များ နှင့် မူလကန်ထရိုက်တာများစသည်ဖြင့်) သာ အကျိုးအမြတ်ရကြသည်။ ဒေသခံပြည်သူများနှင့် ထုတ်လုပ်ခွင့်ရသူများမှ ငှားရမ်းထားသော တရုတ်သစ်ထုတ်လုပ်သူများ သည် သစ်ထုတ်လုပ်ခြင်း နှင့် သစ်သယ်ယူပို့ဆောင်ခြင်းများအတွက် အတော်အသင့် လခ၊ အခကြေးငွေကိုသာရရှိကြပါသည်။

သစ်ထုတ်လုပ်ရာတွင် လုပ်သားအင်အား နှင့် နည်းပညာလိုအပ်ချက်ကြောင့် ထုတ်လုပ်ခွင့်ရသူများသည် နယ်စပ်ဒေသရှိ ဒေသခံပြည်သူများသာမက တရုတ်အလုပ်သမားများကိုပါ ငှားရမ်းအသုံးပြုကြပါသည်။ ၎င်းတရုတ်အလုပ်သမားများသည် တရားဝင်အလုပ်လုပ်ခွင့်ဖြင့် မြန်မာပြည်တွင်းသို့ ဝင်ရောက်ခဲ့ကြသော်လည်း မြောက်ပိုင်းဒေသများတွင် ဗဟိုအစိုးရ၏ စစ်တပ်နှင့် တွေ့ပါက ဖမ်းဆီးခံရလေ့ရှိပြီး လူမျိုးစုလက်နက်ကိုင် အုပ်စုများကြားတွင်လည်း ကြားညပ်လေ့ရှိပါသည်။ ထိုသူများအတွက် လုံခြုံမှုမရှိသလို ချေးငွေဖြင့်ဝယ်ထားသော သစ်ထုတ်ရာတွင်အသုံးပြုသော ကိရိယာ နှင့် ယာဉ်များ ဆုံးရှုံးလွယ်ခြင်းကြောင့် စီးပွားရေးဆုံးရှုံးခြင်းများဖြစ်တတ်ပါသည်။ ထို့ကြောင့် တရုတ်သစ်ကုန်သည်များသည် အစိုးရထိန်းချုပ်ထားသော ဧရိယာများမှ သစ်ကိုသာပိုမိုလိုလားကြပါသည်။

## ၃။၃ တရုတ် သစ်တောဌာန၏ အခန်းကဏ္ဍနှင့် တင်သွင်းသစ်များ စီးဆင်းမှု

မြန်မာနိုင်ငံမှ တင်သွင်းသော သစ်များ၏ အချို့အစိတ်အပိုင်းကို နယ်စပ်ရောင်းဝယ်ရေးစခန်းရှိ ဒေသခံသစ်အချောထည်ထုတ်လုပ်ရေးစက်ရုံများသို့ အကောက်ခွန်နှင့် အခွန်အခများပေးဆောင်စေပြီး ဖြန့်ဖြူးပေးပါသည်။ အခြားနေရာမှ ပို့ဆောင်လာသော ပစ္စည်းများအတွက် ကော်ပိုရေးရှင်းများသည် ဒေသဆိုင်ရာ သစ်တောဌာနမှ သယ်ယူပို့ဆောင်ခွင့် (အခကြေးငွေပေးရန်မလိုသော) လိုအပ်ပြီး အကောက်ခွန်ကြေငြာခြင်း၊ အခွန်ပေးခြင်း၊ တားမြစ်ကန့်သတ်ခြင်း လက်မှတ် နှင့် ကူးသန်းရောင်းဝယ်ရေးဌာနမှ ခွင့်ပြုစာရွက်စာတမ်းများတင်ပြရန် လိုအပ်ပါသည်။

ယူနန်ပြည်နယ်တွင်း အခြားဒေရိယာများသို့ တင်သွင်းလာသော သစ်များကို သယ်ယူပို့ဆောင်ရန်အတွက် ကုန်သည်များသည် ပြည်နယ်တွင်းသယ်ယူပို့ဆောင်ခွင့်ကိုလိုအပ်ပြီး အကောက်ခွန်ကြေငြာခြင်း၊ အခွန်ပေးခြင်း၊ တားမြစ်ကန့်သတ်ခြင်း လက်မှတ် နှင့် ကူးသန်းရောင်းဝယ်ရေးဌာနမှ ခွင့်ပြုစာရွက်စာတမ်းများတင်ပြရန် လိုအပ်ပါသည်။ ယူနန်ပြည်နယ်ပြင်ပသို့ ရောင်းချရန်အတွက် ပြည်နယ်တွင်းသယ်ယူပို့ဆောင်ခွင့် နှင့် တားမြစ်ကန့်သတ်ခြင်းလက်မှတ်အပြင် သစ်ကို ကူမင်းမှ တစ်ဆင့် အခြားပြည်နယ်များသို့ သယ်ဆောင်နိုင်ရန် ကုန်သည်များသည် နိုင်ငံတွင်းသစ်သယ်ယူပို့ဆောင်ခွင့်ကို ဒေသဆိုင်ရာသစ်တောဌာနတွင် လျှောက်ထားရန်လိုအပ်ပါသည်။ သို့သော်လည်း အဆိုပါလုပ်ထုံးလုပ်နည်းများအတွက် သစ်တောဌာနသည် မည်သည့်အခကြေးငွေကိုမျှ ကောက်ယူခြင်းမပြုပါ။

ဆိုလိုသည်မှာ တရုတ်သစ်တောဌာနသည် တရုတ်နယ်စပ်ပေါက်တွင်းသို့ဝင်ရောက်လာသော မြန်မာသစ်များ၏ အကောက်ခွန်နှင့် ပတ်သက်ပြီး ပါဝင်ပတ်သက်ခြင်း၊ ကြီးကြပ်ခြင်းလုံးဝမရှိပါ။ သယ်ယူပို့ဆောင်ခွင့်ကို တရုတ်အကောက်ခွန် နှင့် ကူးသန်းရောင်းဝယ်ရေးဌာနတို့မှခွင့်ပြုသည့် စာရွက်စာတမ်းများပြည့်စုံပါက တပြိုင်တည်းထုတ်ပေးပါသည်။

## ၄။. ၂၀၁၂ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်တွင်း ကူးသန်းရောင်းဝယ်ခဲ့သော တန်ဖိုးမြင့် သစ်အမျိုးအစားသုံးမျိုး

၂၀၀၆ ခုနှစ်နောက်ပိုင်းတွင် တရုတ်အစိုးရသည် တရုတ်သစ်ကုန်သည်များ နှင့် သစ်ထုတ်လုပ်သူများ မြန်မာပြည်တွင်းဝင်ရောက်ခြင်းကို ပြင်းပြင်းထန်ထန်တားမြစ်ခဲ့ပြီး အထက်တွင်ဖော်ပြထားသော လိုအပ်ချက်များ နှင့်ကိုက်ညီသော သစ်များကိုသာ နယ်စပ်ရောင်းဝယ်ရေးစခန်းတွင်းမှ ဝင်ခွင့်ပြုခဲ့သည်။ ထို့အပြင် ၂၀၁၂ ခုနှစ် နှင့် ၂၀၁၃ ခုနှစ်တို့တွင် မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် တရုတ်သစ်ဈေးကွက်ကို ထိခိုက်ခဲ့ပြီး မြန်မာမှ သစ်တင်သွင်းခြင်းကိုလည်း လျော့ကျစေခဲ့သည်။

မေးမြန်းခံရသူများ၏အဆိုအရ ၂၀၁၂-၁၃ တွင် တစ်နှစ်လျှင် ၃၀၀,၀၀၀ $m^3$ ရှိသစ်များကို တင်သွင်းခဲ့ပြီး အများဆုံးမှာ ရွက်ကြွေ မျိုးစိတ်များဖြစ်သည့် *Phoebe puwenensis W. C. Cheng*၊ *M.fordiana (hensl) oliv* တို့ဖြစ်ပြီး အခြားမျိုးစိတ်များဖြစ်သည့် ကျွန်း၊ တမလန်းသစ် တို့သည် စုစုပေါင်းပမာဏ၏ ၄၀% ခန့်ရှိပါသည်။ သာမန်အရည်အသွေး *Phoebe puwenensis W. C. Cheng* ကို တစ် $m^3$ လျှင် ၂,၅၀၀-၃,၀၀၀ ယွမ်ငွေ၊ အရည်အသွေးမြင့်ကို တစ် $m^3$ လျှင် ၅,၀၀၀-၆,၀၀၀ ယွမ်ငွေ၊ သာမန်အရည်အသွေး *M.fordiana (hensl) oliv.* ကို တစ် $m^3$ လျှင် ၂,၅၀၀-၃,၀၀၀ ယွမ်ငွေ၊ အရည်အသွေးမြင့်ကို တစ် $m^3$ လျှင် ၅,၀၀၀-၆,၀၀၀ ယွမ်ငွေနှင့် သာမန်အရည်အသွေး အခြားသစ်မာအမျိုးအစားကို တစ် $m^3$ လျှင် ၈၀၀-၉၀၀ ယွမ်ငွေနှင့်၊ တမလန်းသစ်ကို တစ် $m^3$ လျှင် ၆,၀၀၀ ယွမ်ငွေနှင့်၊ ကျွန်းကို တစ် $m^3$ လျှင် ၆,၀၀၀ ယွမ်ငွေတို့ဖြင့် ရောင်းချကြပါသည်။

၂၀၁၄ ခုနှစ်တွင် မြန်မာသစ်တင်သွင်းမှုသည် ၄၀၀,၀၀၀ $m^3$ (၇၅% သည် ကျွန်းသစ် နှင့် တမလန်းသစ်) သို့ တိုးတက်လာခဲ့ပါသည်။ အဓိကအကြောင်းရင်းများမှာ ကုန်လက်ကျန်နည်းခြင်း၊ မြန်မာသစ်တင်ပို့ခြင်းကို တားမြစ်ခြင်း၊ တမလန်းသစ် နှင့် ကျွန်းသစ်များကို ပြည်တွင်းလိုအပ်ချက်များလာခြင်း နှင့် သစ်ဈေးတက်လာခြင်းတို့ကြောင့်ဖြစ်ပါသည်။ အချို့ရောင်းဝယ်ရေးစခန်းများတွင် အရောင်းအဝယ်များဆုံး တန်ဖိုးမြင့်သစ်အမျိုးအစား သုံးမျိုးမှာ *Dalbergia odorifere Burman*၊ *Dalbergia cochinchinensis* Pier နှင့် ကျွန်းသစ်တို့ဖြစ်ကြသည်။ အချို့နေရာများတွင် *Phoebe puwenensis W. C. Cheng* နှင့် *M.fordiana (hensl) oliv* တို့သည် အရောင်းအဝယ်အများဆုံးသစ်အမျိုးအစားများဖြစ်ကြပါသည်။ မှတ်တမ်းအရ ပမာဏမှာ *Dalbergia odorifere Burman* ၁၅၀,၀၀၀ $m^3$ ခန့်၊ *Dalbergia cochinchinensis Pier* ၅၀,၀၀၀ $m^3$ခန့်၊ ကျွန်းသစ် ၁၀၀,၀၀၀ $m^3$ခန့် နှင့် *Phoebe puwenensis W. C. Cheng* နှင့် *M.fordiana (hensl) oliv* ၁၀၀,၀၀၀ $m^3$ ခန့်တို့ဖြစ်ကြပါသည်။ ဈေးအနေဖြင့် *Dalbergia odorifere Burman* ကို တစ်တန်လျှင် ၂၀,၀၀၀-၃၀,၀၀၀ ယွမ်ငွေ၊ *Dalbergia cochinchinensis Pier* ကို တစ်တန်လျှင် ၃၀,၀၀၀-၄၀,၀၀၀ ယွမ်ငွေ၊ ကျွန်းသစ် တစ် $m^3$ လျှင် ၁၀,၀၀၀-၁၅,၀၀၀ ယွမ်ငွေ၊ *Phoebe puwenensis W. C. Cheng* တစ် $m^3$ လျှင် ၅,၀၀၀ ယွမ်ငွေနှင့်၊ *M.fordiana (hensl) oliv* တစ် $m^3$ လျှင် ၃,၀၀၀-၄,၀၀၀ ယွမ်ငွေတို့ဖြစ်ကြပါသည်။

၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် သစ်ပစ္စည်းဈေးသည် တစ်ဝက်ခန့်ကျဆင်းခဲ့ပါသည်။ ဤအပြောင်းအလဲမှာ ပြည်တွင်းဈေးကွက်ကျဆင်းခြင်း၊ သစ်အများအပြားသိမ်းဆည်းထားခြင်း နှင့် ဘဏ္ဍာရေးမကောင်းခြင်းတို့ကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် နယ်စပ်ဖြတ် သစ်ကူးသန်းရောင်းဝယ်ရေး ကျဆင်းသွားရပါသည်။

တရုတ်နယ်စပ် နှင့် နယ်စပ်ဖြတ်ရောင်းဝယ်ရေးစခန်းများသည် ရဲများ နှင့် အကောက်ခွန်များ၏ တင်းကြပ်သော ကြီးကြပ်မှုအောက်တွင် ရှိနေပါသည်။ နယ်စပ်မှ တင်သွင်းလာသော မြန်မာသစ်များသည် တရုတ်အစိုးရနှင့် မြန်မာအစိုးရမှ ခွင့်ပြုသော တရားဝင် သွင်းကုန်၊ထုတ်ကုန်စာရွက်စာတမ်းများ ရှိသဖြင့် တရားဝင် ကူးသန်းရောင်းဝယ်ခြင်းဖြစ်ပါသည်။ တရုတ်ပြည်သွင်းသို့ မြန်မာသစ်များကို တရားမဝင် တင်သွင်းခြင်းသည် လုံးဝဖြစ်နိုင်ချေမရှိပါ။

## ၅။. မြန်မာနိုင်ငံ၏ သစ်တင်ပို့မှုတားမြစ်ခြင်းကြောင့် နှစ်ဖက်သဘောတူ ကူးသန်းရောင်းဝယ်ရေးတွင် ထိခိုက်မှုများ

မြန်မာပြည်၏ သစ်တင်ပို့မှုကို တားမြစ်ပြီးနောက်ပိုင်းတွင် နယ်စပ်ဖြတ်သစ် ကူးသန်းရောင်းဝယ်ရေး လျော့နည်းသွားပါသည်။ ကုန်သွယ်ရေးကျဆင်းရခြင်းအကြောင်းအရာများရှိပါသေးသည်။ သစ်ထုတ်ဒေသတွင်း သစ်ဈေးတက်လာခြင်း (တမလန်းသစ် တစ်တန်လျှင် ယွမ်ငွေ ၂,၀၀၀-၃,၀၀၀ ဖြင့် ရောင်းချနေပါသည်) အခြားအခွန်အခ နှင့် ကုန်ကျစရိတ်များလာခြင်း (သစ်တစ်တန်လျှင် ၃,၀၀၀ ယွမ် မှ ၇,၀၀၀-၇,၅၀၀ ယွမ်သို့) သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်လာခြင်း (သစ် တန်၂၀ အတွက် ထရပ်ကားကို ယွမ်ငွေ ၂၀,၀၀၀ ခန့်) တရုတ်ပြည်တွင် သစ်ဈေးကျခြင်း(တမလန်းသစ် တစ်တန်လျှင် ၈,၀၀၀-၁၆,၀၀၀ ယွမ်ငွေဖြင့် ရောင်းချနေပါသည်) ထို့အပြင် အရောင်းကျခြင်း၊ တရုတ်၏ တစ်ဝက်မပြီးသေးသော တင်သွင်းသစ်များအပေါ် VAT ဖြတ်တောက်ခြင်းမူဝါဒတို့ကြောင့် သစ်ကူးသန်းရောင်းဝယ်ရေသည် လက်ရှိတွင် အမြတ်အစွန်းနည်းပါးခြင်းတို့ကြောင့်ဖြစ်ပါသည်။

စုံစမ်းမေးမြန်းချက်များအရ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၁၅,၀၀၀ $m^3$ ရှိ သစ်များ တမလန်းသစ် ၁,၀၀၀ $m^3$ ၊ ကျွန်းသစ် ၄,၀၀၀ $m^3$ နှင့် ၁၀,၀၀၀ $m^3$ ရှိ *Phoebe puwenensis W. C. Cheng* နှင့် *M.fordiana (hensl) oliv.တို့ကိုနယ်စပ်ဖြတ်တင်သွင်းခဲ့ပါသည်။* ယင်းသည် ပရိဘောဂ ထုတ်လုပ်ခြင်းအပေါ်သက်ရောက်မှုမရှိပါ။ နယ်စပ်ဖြတ်ရောင်းဝယ်ရေးစခန်းမှ နာမည်ကြီး ပရိဘောဂကော်ပိုရေးရှင်း ၏ အဆိုအရ ၂၀၁၃-၂၀၁၄ အတွင်း ရွှေလီ သို့ တင်သွင်းခဲ့ပြီးလက်ကျန်နေသာ မြန်မာနယ်စပ်တွင် သိုလှောင်ထားသည့် တမလန်းသစ်များသည် နောင် ငါး နှစ် ခြောက်နှစ်ထိသုံးခံသေးသည်ဟု သိရပါသည်။ ဖြေဆိုသူက မြန်မာနိုင်ငံ၏ သစ်တင်ပို့မှုပိတ်ဆို့လေလေ တမလန်းသစ်အတွက် ပရိဘောဂလုပ်ငန်းတွင် အမြတ်ပိုရလေလေဖြစ်မည်ဟု ထပ်မံဖြေကြားပါသည်။ ရွှေလီရှိ သစ်ကုန်သည်တစ်ဦးကလည်း မြန်မာနိုင်ငံ၏ သစ်တင်ပို့မှုပိတ်ဆို့ခြင်းသည် ပင်လယ်ပေါက်မှ နှစ်ဖက်သဘောတူကုန်သွယ်ခြင်းကိုသာ ထိခိုက်စေနိုင်ပြီး နယ်စပ်ဖြတ် ကူသန်းရောင်းဝယ်ရေးအပေါ်ထိခိုက်မှုသည် အခိုက်အတန့်သာဖြစ်သည်ဟု ပြောကြားပါသည်။ မြန်မာအစိုးရ၏ လူမျိုးစု ပဋိပက္ခဧရိယာများတွင် မထိန်းချုပ်နိုင်ခြင်းကြောင့် အကယ်၍တရုတ်အစိုးရ၏ နယ်စပ်ဖြတ်သစ်ကူးသန်းရောင်းဝယ်ရေးအပေါ်ကြီးကြပ်ခြင်းများ လျော့ပေးလိုက်မည်ဆိုပါက လူမျိုးစုလက်နက်ကိုင်များထိန်းချုပ်ထားသော ဒေသများမှသစ်များသည် တရုတ်ပြည်တွင်းသို့ ဝင်ငွေရရန်အလို့ငှာ အလုံးအရင်းဖြင့် ဝင်ရောက်လာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သစ်တင်ပို့ခြင်း တားဆီးမှုသည် နယ်စပ်ဖြတ်နှစ်ဖက်သဘောတူကူးသန်းရောင်းဝယ်ရေးကို ထိခိုက်ခြင်းမရှိသေးပါ။ တရုတ်နယ်စပ်ပုဂ္ဂလိက ကုမ္ပဏီများကလည်း မြန်မာ့စီးပွားဘက်များနှင့် နည်းလမ်းဟောင်းများအတိုင်းအလုပ်ဆက်လုပ်နေကြပါသေးသည်။ သစ်တောရင်းမြစ်ကို စနစ်တကျအုပ်ချုပ်ရန် နှင့် ရေရှည်အကျိုးမရှိသော သစ်ခုတ်ခြင်းကို လျှော့ချရန်အတွက် မြန်မာအစိုးရအနေဖြင့် လူမျိုးစုပဋိပက္ခ ကို ဖြေရှင်းရန်နှင့် နိုင်ငံနှင့်ဒေသတွင်း နိုင်ငံရေးတည်ငြိမ်အောင် ဆောင်ရွက်ရန် လိုအပ်သည်ဟု သုံးသပ်ရပါသည်။